မိုး မိုး (အင်းလျား)

# အကြည်ဝေါက်

# တောင်စေမြေ



ဒုက္ခဆိုတာ နောင်တစ်ချိန် ဖြစ်လာမယ့် ဟာသပါ။ မှန်ချင် မှလည်း မှန်လိမ့်မယ်။ ဒါပေမယ့် ကျွန်တော် ကတော့ အဲဒီ လိုပဲမြင်တယ်။ နောက် ကျွန်တော် တို့ ဖြတ်သန်းလာတဲ့ ဘဝမှာ လည်း ဒုက္ခဆိုတာ မပြောပလောက်တဲ့ ယိုင်နဲ့နဲ့တံတားလေးပါ။ ဒီတံတားလေးကို ဖြတ် သန်းချိန်မှာ သာ စိုးရိမ်စိတ်များ ပေမယ့် တံတားလေးကို ဖြတ်သန်း ကျော်ဖြတ်နိုင်တဲ့အခါ လူတိုင်း ကြည်နူးစိတ်နဲ့ ပြုံး ဖြစ်ကြတာပါပဲ။

ကျွန်တော့် သဘော ကတော့ အဲဒီ အတိုင်းပါပဲ။ တံတားလေး ကို ဖြတ်ချိန်မှာ တောင် အောင်မြင်သွားတဲ့အခါ ပြုံး ဖြစ်ဦးမှာ ပဲဆိုတာ ကြိုသိနေတဲ့အတွက် စိုးရိမ်စိတ်က အများ ကြီး လျော့နည်းစေခဲ့ပါတယ်။ ကဲ..ကျွန်တော် တို့အကြောင်းလေး ပြောပြပါဦးမယ်။ ဒါဟာ ခုနကပြောခဲ့တဲ့ တံတားပေါ်က ကာလပါ။ အကယ်၍ များ တစ်နေရာ ရာမှာ ပြုံး ဖြစ်သွားခဲ့ရင်တောင် ဒုက္ခဆိုတာ နောင်တစ်ချိန် ဖြစ်လာမယ့် ဟာသပါဆိုတဲ့ ဆောင်ပုဒ်လေးကို ခဏ ဖြစ် ဖြစ် ပြန်ကြည့်ပေးပါ။ နောက် နည်းနည်း လေး ပြန်စဉ်းစားကြည့်ပေးပါ။ ပြီးမှ ဟုတ်မဟုတ် ဆိုတာကို ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက်ချပါ။

ကဲ..ကျွန်တော် တို့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုထဲ ဝင်ကြည့် ကြပါဦး။

***

ကျွန်တော့်မှာ အောင်မြေလို့ သတ်မှတ်ထားတဲ့ နေရာလေး တစ်ခုရှိတယ်။ အဲဒီ နေရာလေးကို အမေက လွန်ခဲ့တဲ့ ဆယ်နှစ် လောက် က ငွေတစ်သော င်းနဲ့ ဝယ်ပေးခဲ့တာပါ။ ရန်ကုန်မြို့ ရဲ့ အစွန်ဆုံး တည် ကာစ မြို့ သစ်ကလေး တစ်ခုမှာ ပေါ့။ အဲဒီ နေရာမှာ

ကျွန်တော် တို့ ဘဝတစ်စိတ်တစ်ပိုင်း ပေးဆပ်ခဲ့ဖူးတယ်။ ကျွန်တော် တို့ဆိုတာ ကျွန် တော် အပါအဝင် လူပေါင်းဆယ်ယောက် လောက်ရှိတယ်။ အဲဒီ တုန်း ကတော့ ကျွန်တော် တို့အားလုံးဟာ အနုပညာနယ်ထဲခြေချဖို့ ကြိုး စား နေကြတဲ့ လူငယ်ကလေးတွေ ပါ။ အခုတော့ အားလုံးဟာ သူ့ဘဝနဲ့သူ နေရာလေးတွေ ရကုန်ကြပြီပေါ့။ ပန်းချီဝါသနာပါသူတွေ က ပန်းချီ ဆရာဒီဇိုင်နာတွေ ဖြစ်၊ ကျွန်တော် တို့ စာရေး ဝါသနာပါသူတွေ က စာ ရေး ဆရာတွေ ဖြစ်ပေါ့။ ဒါကလည်း အမေဝယ်ပေးတဲ့ ကျွန်တော် တို့ရဲ့ အောင်မြေလေးကောင်းမှု လို့ထင်တယ်။

ကျွန်တော် တို့ရဲ့ အောင်မြေလေးဟာ ပေနှစ် ဆယ်ပတ်လည် ပဲကျယ်တဲ့ ဝါးထရံအိမ်လေးပါပဲ။ အိမ်ကလေးရဲ့ အတွင်း ပိုင်းမှာ အသေရိုက်ထားတဲ့ ဝါးကွပ်ပျစ်လေးနှစ် ခုပဲရှိတယ်။ အဲဒီ ကွပ်ပျစ်ကလေး မှာ ပဲ ရှိရှိသမျှလူတွေ အားလုံးစုပြုံအိပ်ကြတယ်။ ဝါးကွပ်ပျစ်လေး နှစ် ခုကလွဲရင် အခြားနေရာတွေ မှာ ဘာမှမခင်းထားဘူးလေ။ မြေက လည်း ရွှံ့မြေကြီးဆိုတော့ ပလစ်ပလစ်နဲ့။ ဒါကြောင့် ညအိပ်ချိန်ဆို ရင် အဲဒီ ဝါးကွပ်ပျစ်ကလေးမှာ ပဲ ကျပ်ညပ်ကပ်သတ် အိပ်ရတာ ။ နေ့ခင်းပိုင်းဆိုရင်တော့ ဘယ်သူမှ အိပ်လို့မရဘူး။ ပန်းချီရေး တဲ့လူ တွေ က ပန်းချီရေး ၊ စာရေး တဲ့သူက စာရေး နဲ့ အားလုံးကိုယ့်အလုပ် ကိုယ် တကုတ်ကုတ်နဲ့ လုပ်ကြတယ်။

ပြီးမှ တစ်နေ့စာလုပ်ပြီးသမျှကို မြို့ ထဲသွားပို့ပြီး စားသောက် ဖို့ကို ကြံ့သလို ဖန်တီးခဲ့ရတယ်။ များ သော အားဖြင့် ပန်းချီဒီဇိုင်းလုပ် တာက အဓိကအလုပ် ဖြစ်နေတယ်။ အဲဒီ အလုပ်ကိုပဲ ဖိလုပ်ခဲ့ရတယ်။ စားသောက်ဖို့ကိုလည်း ဆိုင်တွေ မှာ စားရင် ငွေကုန်မှာ စိုးလို့(အမှန် တော့ စားကိုမစားနိုင်တာ)အိမ်မှာ ပဲ ရာကြုံချက်ပြုတ်စားခဲ့ကြတယ်။ ကောင်းကောင်းကန်းကန်းတော့ မစားရဘူးပေါ့။ ဆယ်ယောက် စာကို ငါးဆိုရင် နှစ် ဆယ်သား၊ ကျန်တဲ့ ကြက်သား၊ ဝက်သားဆိုရင်လည်း ဆယ့်ငါးကျပ်သားလောက်ကို အသီးအရွက်တွေ အစုံထည့်ပြုတ်ပြီး စားရတဲ့ ကာလသား မီးကျိုးမောင်းပျက်ဟင်းကိုပဲ မရိုးတမ်း လွေးခဲ့ရ တယ်။ အာဟာရ ဖြစ်ရင်ပြီးရောပေါ့၊ ဟုတ်ဘူးလား။

ဘာပဲပြောပြော ကျွန်တော် တို့အားလုံးဟာ မျှော်လင့်ချက် ကိုယ်စီနဲ့မို့ အဲဒီ

အိမ်ကလေးမှာ အဲဒီ လိုနေခဲ့ရတာ ကိုပဲ နိဗ္ဗာန်တစ်ခု လို အရမ်းပျော်ခဲ့ကြတယ်။ အားလုံးတူတူတနက်တနက်စားသောက်ပြီး ဟာသတွေ ပြော၊ တဝုန်းဝုန်းနဲ့ ဖြောင်းသတ်နေခဲ့ရတာ ပေါ့။ (နောက် ပိုင်း ကျွန်တော် စာရေး တော့ အဲဒီ မှာ ပြောခဲ့တဲ့ ဟာသတွေ အတော် များများ ပြန်ထည့်ရေး ဖြစ်ခဲ့တယ်။ ဖတ်တဲ့လူတွေ လည်း ရယ်ရတယ် လို့ ပြောကြတာပဲ။)

အခုတော့ ကျွန်တော် တို့ အဲဒီ အောင်မြေလေးက ထွက်ခဲ့တာ လေးငါးနှစ် ရှိပါပြီ။ အဲဒီ အိမ်မှာ နေခဲ့ကြတဲ့သူတွေ အားလုံးလောက် နီးနီးလည်း ကျွန်တော် တို့နဲ့အတူ ပြောင်းရွှေ့လာခဲ့ကြပါတယ်။ ဒါပေ မယ့် ကျွန်တော် တို့အလုပ်များ လို့ စိတ်ညစ်တဲ့အခါ အဲဒီ အိမ်ကလေး ကိုသွားပြီး တစ်နေကုန် ပက်လက်လှန်အိပ်နေ ဖြစ်ပါတယ်။ အိမ်ကလေး ကတော့ အရင်ကအတိုင်းပါပဲ။ ပေါက်ပြဲနေတဲ့ထရံကို မိုးကာစနဲ့ ပိတ်ကာထားပြီး ကျ ုးတိုးကျဲတဲ အမိုးအကာအောက်မှာ တည်ရှိနေ တုန်းပါပဲ။ အဲဒီ အိမ်ကလေးရောက်တယ်ဆိုရင်ပဲ၊ ညှော် ငါတို့ဘယ် ဘဝကနေစပြီး ကြိုး စားခဲ့ရတယ်ဆိုတာကို ပြန်အမှတ်ရပြီး ခွန်အား သစ်ပြန် ဖြစ်စေပါတယ်။ ဒါကိုပဲ ကျွန်တော် တို့က အောင်မြေပြန်နင်း တယ်လို့ ဆိုခဲ့ကြပါတယ်။

အဲဒီ အောင်မြေဆီကို ပြန်ရောက်ရင်ပဲ နံဘေးအိမ်က ဝက် အော်သံ၊ ရပ်ကွက်ထဲက ရန် ဖြစ်သံ၊ ဈေးသည်တွေ ရဲ့ အော်မြည် သံ၊ တိရစ္ဆာန်များ ရဲ့ ဟစ်ကြွေးတွန်ကျ ုး သံများ ကို အရသာရှိစွာ နားဆင် ခံစားရင်း ကျိုးတိုးကျဲတဲ အမိုးအကာအောက် ပက်လက်ကလေး အိပ် စက်ရတာ ကိုက ဘာနဲ့မှ မလဲနိုင်တဲ့ အာယုဒီဃအားဆေးတစ်ခွက် ဖြစ်နေတုန်းပါပဲ။

နေဦး၊ အစကနေ ပြောပြမယ်။

***

အဲဒီ အိမ်လေးကို ကျွန်တော် တို့ရောက်သွားတော့ မိုးတွေ အလွန်ရွာတဲ့ ဝါဆိုလမှာ ပါ။ ဝါတွင်းမှာ အိမ်မပြောင်းရဘူးပါဘူးနဲ့ ပြောကြပေမယ့် ကျွန်တော် တို့ကိုယ်တိုင်က အယူမရှိတာကတစ်ကြောင်း၊ မပြောင်းမ ဖြစ် ပြောင်းကိုပြောင်းရတော့မှာ က တစ်ကြောင်းကြောင့် ပြောင်းခဲ့ရတာ ပါ။ မပြောင်းမ ဖြစ်ပြောင်းခဲ့ရခြင်း အကြောင်းရင်းက ကျွန်တော် တို့ အိမ်ဆက်ငှားပြီး မနေနိုင်တော့လို့ပါ။ လက်ရှိငှားထား တဲ့အိမ်က သုံးထောင်ကျော် ပေးရပါတယ်။ ကျွန်တော် တို့ပန်းချီရေး တဲ့အလုပ်က တစ်လသုံးထောင် အသားတင်ကျန်ဖို့ မလွယ်သေးပါ ဘူး။ ဒါကြောင့် လက်ရှိအိမ်ကနေ မပြောင်းလို့မ ဖြစ်တာကြောင့် အမေ ဝယ်ပေးခဲ့တဲ့ တစ်သော င်းတန် မြေကလေးကို ပြောင်းခဲ့ရပါတယ်။ ဖြစ်ချင်တော့ ပြောင်းရမယ့်နေရာ တောင်ဒဂုံဆိပ်ကမ်းမြို့ ဆိုတာ ဘယ်နားရှိလို့ရှိမှန်းတောင် မသိပါဘူး။ ဒါကို ကျွန်တော် တို့ဆီခဏ အလည်လာတဲ့ ကျွန်တော့် အမေက လက်သမား တစ်ယောက် ငှားပြီး သုံးသော င်းကျော်တန် အိမ်ကလေးတစ်လုံး သွားဆောက်ခိုင်းခဲ့ပါတယ်။

''ဆောက်လို့ပြီးပြီ ပြောင်းခဲ့လို့ရပြီ''

အိမ်ဆောက်နေတဲ့ နှစ် လအတွင်းမှာ တော့ လက်ရှိနေတဲ့ အိမ်ရှင်ကို တောင်းပန်ပြီး လချင်းပေးပြီး နေရတာ ပေါ့။

အိမ်ဆောက်လို့ နှစ် လလောက်ကြာတော့ လက်သမားဆရာ ဆီက အဲဒီ စကားသံ ကြားရပါတယ်။ အဲဒီ အချိန်ကစပြီး အိမ်ပြောင်း ဖို့ စတင်ပြင်ဆင်ရပါတော့တယ်။ အဲ အိမ်ပြောင်းမယ်ဆိုတော့ ကျွန် တော် တို့အချင်းချင်း အငြင်းပွားစရာတွေ ရှိလာပါတယ်။ ဒါ ကတော့ နေ့ဘက်ပြောင်းမလား၊ ညဘက်ပြောင်းမလား ဆိုတာကိုပါ။ အားလုံး ကတော့ ညဘက်ပဲ ပြောင်းချင်ကြပါတယ်။ ဘာလို့လဲဆိုတော့ ကျွန် တော် တို့ကိုယ်ပိုင်အသုံးအဆောင်

အစုတ်အပြတ်တွေ ကို လူမမြင်စေ ချင်လို့ပါပဲ။ အဲဒီ တုန်းကလည်း ရန်ကုန်မြို့ မှာ ငါးနှစ် ကျော်နေပြီး စုဆောင်းမိတာက ဒန်အိုးအစုတ်နှစ် လုံး၊ ထမင်းချက်လို့မရပေမယ့် ထမင်းပဲချက်နေတဲ့ အခွံမပါတဲ့ အနှစ် သားချည်း ပေါင်းအိုးတစ်လုံး၊ ချမ်းတဲ့အခါ စုခြုံဖို့ အမြော်အမြင်ကြီးကြီးနဲ့ ဝယ်ထားတဲ့ စစ်ခြင် ထောင်နှစ် လုံး၊ နောက် နေ့စဉ်ဝတ်နေကျ အဝတ်အစားအနွမ်းကလေး နှစ် စုံ သုံးစုံ၊ ဘယ်နေရာရောက်ရောက် ရေဝယ်သုံးရတာ မို့(ရေ၊ မီး မပါတဲ့ အိမ်မငှားနိုင်လို့)မရှိမ ဖြစ် ဆောင်ထားရတဲ့ တိုင်ကီနှစ် လုံး၊ တခြားစာအုပ်အဟောင်း၊ စာအုပ်အသစ်၊ စာရွက်တွေ ဒါတွေ ပါပဲ။

ဒါကြောင့် အဲဒီ အစုတ်တွေ ကို ကိုယ့်ရုပ်ကြီးနဲ့တကွ တစ်ခါ တည်း မမြင်စေချင်လို့ ညဘက်ပြောင်းဖို့ပဲ အားလုံးမှာ ဆန္ဒရှိကြတာ ပါ။

ဒါပေမယ့် အဲဒီ အကြံအစည်က လိုက်ပို့ပေးမယ့် ကားဆရာ နဲ့တွေ ့တော့ လုံးဝပျက်စီး သွားပါတယ်။

''ခင်ဗျားတို့ကို ပို့ပေးရမယ့်နေရာက လူမရောက်ငှက်မပေါက် တဲ့နေရာ၊ လမ်းမှာ တင် နှစ် နာရီလောက်က လယ်ကွင်းကြီးကို ဖြတ်ရ မှာ ၊ အဲဒါကို ကျုပ်က ညဘက်ပို့ပေးရမယ်ဆိုရင် ကိုယ့်သေတွင်း ကိုယ် တူးတာနဲ့ အတူတူပဲ၊ ကျုပ်သေတာတောင် မလိုက်ဘူး''

မျက်နှာသေကြီးနဲ့ ရက်ရက်စက်စက် ပြောထည့်လိုက်တာ။

ကားဆရာနဲ့ ဘယ်လိုမှ ညှိမရတဲ့အဆုံး နေ့ဘက်ပဲ ပြောင်း ကြရတော့တယ်။

ကျွန်တော် တို့ပစ္စည်းတွေ ကားပေါ်တင်တော့ အင်မတန် မျက်နှာသေပြီး အင်မတန်ရက်စက်ပါတယ်ဆိုတဲ့ ကားဆရာခမျာ ရယ်လိုက်တာ အူတက်မတတ်ပဲ။ ဒန်အိုးတွေ ကြည့်လိုက်၊ ကျွန်တော် တို့မျက်နှာ ကြည့်လိုက်၊ ခြင်ထောင်စုတ်ကြီးကြည့်လိုက်၊ ကျွန်တော် တို့မျက်နှာကြည့်လိုက်နဲ့ သဘောကျပြီး ရယ်နေလိုက်တာ ခွက်ခွက်ကို လန်ရော။ ပြီးတော့ ပြောသေးတယ်။

''ခင်ဗျားတို့ဗျာ၊ ဒီပစ္စည်းလောက်နဲ့ ဆိုက္ကားငှားသွားတာ တောင် ရတဲ့ဟာကို

ဘာလို့ ကျုပ်ကားကြီးငှားသေးလဲ''တဲ့။

ဟုတ်တယ်။ သူ့ကားက ဒိုင်နာကားကြီး။ ပါတဲ့ပစ္စည်းများ က ခုနကပြောတာထက်ကို လူတစ်ကိုယ် ပုဆိုးတစ်ထုပ်စီပဲ ပိုပါတော့ တာ။ ကားနဲ့တွက်ရင်တော့ ကားရဲ့ ငါးချိုးတစ်ချိုးတောင်မရှိ။

''နေဦးလေ၊ စောင့်ကြည့်ပါဦး''

ဒါပဲပြောစရာရှိတော့တယ်။

ကျွန်တော် တို့အားလုံး ကားပေါ်တက်လိုက်တော့ ကားဆရာ အံ့အားသင့်သွားတယ်။ ပါတဲ့ပစ္စည်းက ဘယ်လောက်မှမရှိပေမယ့် လူချည်းပဲ ဆယ့်နှစ်ယောက် ။ အိမ်ရှိလူက များ ပါတယ်ဆိုမှ ပိုင်းကူ ပြောင်းပေးဖို့ ဟေးလားဝါးလားနဲ့ ရောက်လာကြတဲ့ အပျော်စိန်တွေ ပါ ပါလာတာကိုး။

ဒါနဲ့ပဲ အမှိုက်တစ်ပုံနဲ့ လူစိမ်းတစ်သိုက် အိမ်ပြောင်းဖို့ ထွက် ခဲ့ကြတယ်။ ပြောင်းတဲ့နေ့မှ မိုးကလည်းသည်းလိုက်တာ ပြောမနေနဲ့ တော့။ ကမ်းရိုးတန်းမှာ မုန်တိုင်းရှိလို့ဆိုလား။ လေရောမိုးပါ အသည်း အသန်ကျလို့။

ကျွန်တော် တို့ရဲ့ ဇာတ်လိုက်ကျော် ကားဆရာကြီးက ကျွန် တော် တို့အဖြစ်ကိုကြည့်ရင်း မှတ်ချက်ချတယ်။

''အဲဒါပြောတာပေါ့၊ ကံဆိုးထီးသွားရာ မိုးလိုက်လို့ရွာဆိုတာ''

***

ဤခရီးနီးသလား..

''မနီးပါ''

တောင်ဒဂုံကနေ ထွက်လိုက်တာနဲ့ မဆုံးတန်းမြင်နေရတဲ့ လယ်ကွင်းပြင်ကြီးကို တွေ့ ရတယ်။

''ငါတို့နေရမှာ ဘယ်မှာ လဲ''

အားလုံး အဲဒီ စကားတောင် မမေးနိုင်ဘဲ မဆုံးတန်းလယ် ကွင်းကြီးကို တွေ တွေ ကြီးကြည့်ပြီး ငိုင်နေမိကြတယ်။

''ဟာ ဟိုမှာ ကြည့်စမ်း ဟိုမှာ ''

ကားအနောက်နားမှာ ထိုင်နေတဲ့ သန်းဇော်သစ်(ယခုမှူခင်း ရှုထောင့် ဒိုင်နာ)က အနောက်ဘက်ကို လက်ညှိုး ညွှန်ပြလိုက်တော့ အားလုံးအံ့အားသင့်သွားတယ်။

''လူဟ လူ လူ''

''ဟေး အဟုတ်ဟ ဒီဘက်မှာ လူရှိသေးတယ်''

''အေး တော် သေးတာပေါ့ကွာ၊ ငါက တို့တစ်အိမ်ထဲရှိမယ် မှတ်နေတာ''

အားလုံး ဝမ်းသာအားရနဲ့ အော်ဟစ်လို့မှ မဆုံးသေး။ လမ်း နံဘေးမှ မည် းမည် းသည်းသည်း တွန့်တွန့်လိမ်လိမ်ကြီးမြင်တော့ အား လုံးကြောက်လန့်အံ့သြကုန်တယ်။

''မြွေ မြွေကြီး''

''ဟာ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး''

''မြွေ မြွေဗျ၊ ကားဆရာ မောင်း မောင်း''

ဟုတ်တယ်။ မြွေမမှ တကယ့်မြွေကြီး။ အနက်ရောင် ပြောင် လက်နေတဲ့ မြွေဆိုးကြီး။ ကားကို သူ့အစာမှတ်ပြီး တရကြမ်းလိုက် လာတာ။

''ဟာ လိုက်လာတာဗျ၊ လိုက်လာတာ မောင်း မောင်း''

ကျွန်တော် တို့အော်သံကြောင့် ကားဆရာက

''ဟ ဘာ ဖြစ်နေတာလဲဟ''

ဆိုပြီးလှည့်ကြည့်တယ်။ နောက် ကားဆရာလည်း အဲဒီ မြွေ ကြီးမြင်ရော

''ဟာ တကယ်လိုက်တာဗျ၊ တကယ်လိုက်တာ''

ဆိုပြီး ခုနကလမ်းကြမ်းလို့ လှုပ်တုတ်လှုပ်တုတ် မောင်းနေ ရာက ခြေကုန်ကိုသုတ်တော့တာ။ ဘယ်လောက်ထိ မောင်းသလဲဆို ရင် လူဆိုတာ ကားထဲမှာ ဗြောင်းကိုဆန်နေတာပဲ။

မြွေကြီးကလည်း တရှူး ရှူး တဟဲဟဲနဲ့ ဖွနဘဲကြီးနဲ့ လိုက်နေ လိုက်တာ။ အတော် ကလေးကြာတော့မှ မြင်ကွင်းထဲက ပျောက်သွား တော့တယ်။ အဲဒီ အချိန်မှာ ကျွန်တော် တို့နေရမယ့် ရပ်ကွက်ကလေး ကို ရောက်နေပြီ။ ပုစိကွေးသေးသေးလေး တည်ဆောက်ထားတဲ့အိမ် တွေ ကို အရင်မြင်ရတယ်။ နောက် ခုနတွေ့ခဲ့ရတဲ့မြွေကြီးလို မိုးရေ ချိုးရင်း ကားနောက်ပြေးလိုက်လာကြတဲ့ ကလေးငယ်များ ။ သူတို့စိတ် ထဲ အထူးအဆန်းသဖွယ် ဖြစ်နေပုံရ၏ ။

''ရောက်ပြီဟေ့''

ကားခေါင်းခန်းက လမ်းပြအဖြစ်ပါလာတဲ့ ဦးလေးကြီးရဲ့ အော်သံကြောင့် ကျွန်တော် တို့နေရမယ့် အိမ်ကလေးကို ဝေ့ကြည့်လိုက် ကြတယ်။

''ဟာ''

အားလုံးမှင်သက်ပြီး ဘာမှမပြောနိုင်ကြတော့ဘူး။ မြင်ရတဲ့ မြင်ကွင်းက မိုးရေများ ကြား ထိုးထိုးထောင်ထောင် ထိုးထွက်နေတဲ့ တိုင်လေးတိုင်။ အမိုးအကာ ဘာမှမရှိ။ ဘေးနားမှာ က လယ်ကွင်းထဲ ဆောက်လေ့ရှိတဲ့ လယ်စောင့်တဲလေးတစ်လုံး။

''လက်သမားဆရာ လိမ်ပြီ''

လမ်းပြပါလာတဲ့ ဦးလေးကြီးရဲ့ စကားသံ။

''ဟုတ်တယ်၊ အိမ်ကို ပြီးပါပြီဆိုပြီး တိုင်လေးတိုင်ထဲထူပြီး ပစ်ထားခဲ့တာ''

''ရောက်ပြီဆိုတော့ ခင်ဗျားတို့ပစ္စည်းတွေ ချတော့၊ ကျုပ်လည်း မမှော င်ခင်ပြန်ရမှာ ''

ကားဆရာရဲ့ လောဆော်မှု ။ အားလုံးက ဘာမှမတတ်နိုင် တော့။ ပါလာသမျှပစ္စည်းအစုတ်တွေ ကို ကားပေါ်က စိတ်မသက်သာ စွာ နဲ့ ချလိုက်ကြတယ်။ မိုးက ပိုပြီးသည်းကျလာပြန်ပြီ။ အိမ်ကမရှိ တော့ ပစ္စည်းတွေ ကို ဘယ်နားချလို့ချရမှန်းမသိ။ ဒါကြောင့် လမ်းမ ပေါ်မှာ ဒီအတိုင်းပဲ ပုံချထားလိုက်ရတယ်။ ပြီးတော့ ဘာမှမရှိသေး တဲ့ ကိုယ်နေရမယ့်အိမ်ကလေးကို မိုးရေထဲမှာ ဒီအတိုင်းပဲ အကြာ ကြီးငေးကြည့်နေမိကြတယ်။ အတော် ကလေးကြာမှ ကျွန်တော့် အစ်ကို ကိုဆန်းက

''ဘာပဲ ဖြစ် ဖြစ် ဒီနေရာက တို့ရဲ့ ကိုယ်ပိုင်အောင်မြေပဲ ဖြစ် မှာ ပါ''

အားတက်ပြီး အကြောတွေ ဖျင်းခနဲ ထောင်မထပါ။ စိတ် ပျက်စွာ နဲ့ပဲ အားလုံးအိမ်ကလေးကို ငြိမ်ငေးကြည့်နေကြတယ်။

အဲဒီ အောင်မြေကလေးမှာ ပဲ တိုင်ကီတစ်လုံးကို လူလေး ယောက် နှုန်းနဲ့ မိုးရေတွေ ကြား ဝင်အိပ်ခဲ့ရတော့တယ်။

***